မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၈ ] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်) } သောကြာနေ့ [ အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဒ)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) တို့တွင်ပါရှိသော "ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး** |
|---|---|
| | **ရာထူး၊ ဌာန** |
| (က) ဦးကြည်ဇင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ( ခ ) ဦးအေးကြွယ် | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၀/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သော **မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အကြံပေးအဖွဲ့** တွင် ဒုတိယဝန်ကြီး (ငြိမ်း) ဒေါ်ဝင်းမော်ထွန်း ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအခန်း (၃)၊ ပုဒ်မ ၄ နှင့် ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဏ) စစ်ဦးစီးဗိုလ်မှူးချုပ် အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(တ) ဗိုလ်မှူးကြီး အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး

(ထ) ဌာနကြီးမှူး အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဒ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဓ) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သီးနှံများအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြေယာများဖော်ထုတ်ပေးရေး၊ မြေယာချထားပေးရေး၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးရေးနှင့် လိုအပ်သည့် အကူအညီများပေးရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်လျှော့ချပေးရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

( စ ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သောကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သောလူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊

(ဆ) ဗဟိုအဖွဲ့မှချမှတ်သောလုပ်ငန်းစဉ်များ စနစ်တကျနှင့် အောင်မြင်မှု ရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

( ဇ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို သတ်မှတ်ချက်နှင့်အညီ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း၊

( ဈ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို သက်ဆိုင်ရာရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူများအား စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ပြုရန်နှင့် သက်သေခံပစ္စည်းသိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့် ညွှန်ကြားခြင်း၊

(ည) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုနှင့်သက်ဆိုင်သည့် ဆက်သွယ်ရေးဆိုင်ရာမှတ်တမ်းများကို သက်ဆိုင်ရာရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူများအား စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ပြုရန်နှင့် သက်သေခံပစ္စည်းသိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့် ညွှန်ကြားခြင်း၊

( ဋ ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပိုင်ရှင်မပေါ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လိုအပ်သလို စီမံခန့်ခွဲခြင်း၊

( ဌ ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်နှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူသောပြစ်မှုနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့်ရေးအတွက် လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

( ဍ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၏ အခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အခါအားလျော်စွာ အစီရင်ခံခြင်း၊

( ဎ ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဏ) ဗဟိုအဖွဲ့၏ ရန်ပုံငွေထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(တ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ တရားခံလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များပေါ်ပေါက်လျှင် တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊

(ထ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ပြည်သူများသိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဒ ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့် လူမှုဘဝများဖြစ်ပေါ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးကူညီခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဓ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသောသတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်း၊ ကျောင်းပြင်ပနှင့် လုပ်ငန်းခွင်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့်အသိပေးဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

( န ) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

( ပ ) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးရှင်းလင်းတင်ပြခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

### သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးနာယကနှင့် ဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၆ ရက် (မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်နေ့) တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် **သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ** တို့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

(က) **နာယကအဖွဲ့**

(၁) ဒုတိယဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(၂) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

( ခ ) **ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးထွန်းအုံ<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးမြင့်စိုး<br>အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |

(၁၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၉) ဦးအေးထွန်း — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၉၅၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မင်္ဂလာဒုံမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခိုင်သဇင်ထွေး (တ/၃၅၇၄) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၉၈၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မိုင်းပျဉ်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီး တာဝန်) ဦးဇော်မျိုးသက် (တ/၃၆၃၁) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရနှင့် ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး များအား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်–

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးစက်ရှိန်သာ<br>တ/၃၁၇၃ | နောင်ချို<br>ရှမ်းပြည်နယ် |
| ၂။ | ဒေါ်ဥမ္မာဖြိုး<br>တ/၃၂၀၇ | ပေါင်<br>မွန်ပြည်နယ် |
| ၃။ | ဒေါ်ရတနာထွန်း<br>တ/၃၂၄၃ | ဝါးခယ်မ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၄။ | ဦးညီညီဇော်<br>တ/၃၃၄၅ | မြို့နယ်တရားရုံး (မော်တော်ယာဉ်)<br>ချမ်းအေးသာစံ<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၏အတည်ပြုချက်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၆၂) အမြောက်တပ်ရင်းမှ လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် ကြည်း ၅၀၂၉၆၊ ဗိုလ်ကြီး ငွေထွန်း အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ e-Government ဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်အပ်လိုက်သည်။

သန်းကျော်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကိုပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ကို မှတ်ပုံတင်အမှတ် (၄၂)၊ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါ ကြေညာချက်အမှတ် (၉၅/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ၏ ၂၃-၈-၂၀၂၁ ရက်စွဲပါစာဖြင့် နိုင်ငံရေးပါတီကို ဖျက်သိမ်းကြောင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ၁၆-၁၁-၂၀၂၁ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇၄/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးခေါင်လန်ဒီး (ပ/၃၆၀၇) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးခေါင်လန်ဒီး (ပ/၃၆၀၇) အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ် ပြည့်သည့် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ (မ ၀၄၅၅) ညွှန်ကြားရေးမှူး ဦးကျော်နိုင် အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇၈/၂၀၂၁)**

မီးသတ်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ (မ ၀၄၆၃) ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့် အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်သို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈၅/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ ရဲအကူတပ်ဖွဲ့ခွဲမှူး ရဲ ၂၁၈၃ ဒုတိယရဲမှူးကြီး ကျော်အောင် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) သို့ ဒုတိယဌာနမှူးအဖြစ် ပြောင်းရွှေ့ကာ မွန်ပြည်နယ်ရဲတပ်ဖွဲ့၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈၈/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ ၁၀၁၅၆၀ ရဲအုပ် အောင်ကျော်နိုင် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ၇၇၁၄ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈၉/၂၀၂၁)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှုခင်းဌာနမှ အောက်ဖော်ပြပါ ရဲအုပ် (၅) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များ သတ်မှတ်ကာ လက်ရှိဌာန၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၁၉၇၁၉၁ ရဲအုပ် မျိုးညွန့် ရဲ ၇၇၀၇

(၂) လ ၁၉၈၄၃၇ ရဲအုပ် ကျော်စိုးလင်း ရဲ ၇၇၀၈

(၃) လ ၁၉၉၈၅၀ ရဲအုပ် ကျော်ဆန်းဝင်း ရဲ ၇၇၀၉

(၄) လ ၁၉၉၉၃၆ ရဲအုပ် လှိုင်မင်းဆန်း ရဲ ၇၇၀၆

(၅) လ ၂၀၀၉၉၂ ရဲအုပ် ကျော်ဇင်ဝင်း ရဲ ၇၇၁၀

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယမီးသတ်ဦးစီးမှူး (၁၁) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | မ ၁၉၁၉၄ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးသူရအောင်<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>ဗိုလ်တထောင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၂) | မ ၁၉၅၃၈ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးယုလွင်<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>လှည်းကူးမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၃) | မ ၂၀၁၇၀ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးဇင်ဘိုမြင့်<br>ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ပင်းတယမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၄) | မ ၁၈၈၁၅ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးအောင်ကျော်လင်း<br>မိုင်းရှူးမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>နောင်ချိုမြို့နယ်မီးသတ်ဦးစီးမှူးရုံး |

| | |
|---|---|
| (၅) မ ၁၈၉၅၇ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးသိန်းဇော်ဦး<br>ဖယ်ခုံမြို့နယ်မီးသတ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ရွာငံမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၆) မ ၂၁၆၅၅ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးဇင်မိုအောင်<br>ရှားတောမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>မုံရွာမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၇) မ ၂၄၁၅၉ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးထွန်းဝင်းနိုင်<br>ဘူးသီးတောင်မြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ဘူးသီးတောင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၈) မ ၂၃၁၇၉ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကြည်ဇော်ထိုက်<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>စဉ့်ကိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၉) မ ၂၄၄၂၃ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးစိုးမြင့်ထွန်း<br>အင်းစိန်မြို့နယ်မီးသတ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ရန်ကင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၁၀) မ ၂၀၁၂၂ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကျော်နိုင်လင်း<br>ဒလမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ကျောက်ပန်းတောင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၁၁) မ ၂၀၆၇၈ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးပြည့်ဖြိုးသူ<br>ပြည်ခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>တောင်ကြီးခရိုင်မီးသတ်စခန်း |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၂)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယမီးသတ်ဦးစီးမှူး (၁၁) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | |
|---|---|
| (၁) မ ၁၉၉၁၃ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးဇော်ချစ်ထက်<br>ရန်ကုန် (တောင်ပိုင်း) ခရိုင် မီးသတ်စခန်း | ဦးစီးအရာရှိ<br>တိုက်ကြီးမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၂) မ ၂၀၁၂၈ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးအောင်ကျော်သူ<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>မအူပင်ခရိုင်မီးသတ်စခန်း |
| (၃) မ ၂၃၈၄၂ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးသန်းမြင့်<br>လယ်ဝေးမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>မြင်းခြံခရိုင်မီးသတ်စခန်း |
| (၄) မ ၂၂၈၃၁ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးပြည့်ဖြိုးဦး<br>ဒလမြို့နယ်မီးသတ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဖျာပုံခရိုင်မီးသတ်ဦးစီးမှူးရုံး |

| | | |
|---|---|---|
| (၅) | မ ၂၀၉၉၂ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးပြည့်ဖြိုးအောင်<br>သာကေတမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ကော့မှူးမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၆) | မ ၂၃၁၄၁ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးသန်းလင်းအောင်<br>အုတ်ဖိုမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>မောက်မယ်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၇) | မ ၂၄၄၃၅ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကျော်ထူးချွန်ဝင်း<br>ဒဂုံ (ဆိပ်ကမ်း) မြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ဒေါပုံမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၈) | မ ၂၂၂၈၇ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးရာဇာမင်းမြတ်<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>ဗဟိုမီးသတ်သင်တန်းကျောင်း |
| (၉) | မ ၂၂၀၈၁ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးအောင်မင်းကျော်<br>ပဲခူးခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>မြစ်သားမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၁၀) | မ ၂၁၇၁၃ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးတင်မျိုးလွင်<br>လှည်းကူးမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>သုံးခွမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၁၁) | မ ၂၂၇၁၈ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးလှဝင်း<br>စစ်တွေခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>မြောက်ဦးမြို့နယ်မီးသတ်ဦးစီးမှူးရုံး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၂)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယမီးသတ်ဦးစီးမှူး (၁၁) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | မ ၂၀၆၅၁ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးဇော်နိုင်ထွန်း<br>ပုဇွန်တောင်မြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ရန်ကုန် (အရှေ့ပိုင်း) ခရိုင် မီးသတ်စခန်း |
| (၂) | မ ၂၅၀၁၇ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးဝင်းဝင်းထွန်း<br>ကမာရွတ်မြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ကမာရွတ်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၃) | မ ၁၈၄၁၂ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးပြည့်စုံ<br>လှိုင်သာယာမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>အလုံမြို့နယ်မီးသတ်ဦးစီးမှူးရုံး |

| | | |
|---|---|---|
| (၄) | မ ၂၂၆၈၀ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးရှိုင်းအောင်<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>ဟသ်ာတခရိုင်မီးသတ်စခန်း |
| (၅) | မ ၂၂၂၈၆ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးအောင်မြတ်တိုး<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>ရွှေဘိုမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၆) | မ ၂၂၃၀၀ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးသူရမောင်<br>မိုင်းပျဉ်းမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>မိုင်ပျဉ်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၇) | မ ၂၀၃၅၇ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးတိုးနိုင်ဦး<br>ဟသ်ာတခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ဝါးခယ်မမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၈) | မ ၂၂၆၁၇ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကျော်ဇင်သန့်<br>ငါန်းဇွန်မြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ငါန်းဇွန်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၉) | မ ၂၄၈၄၃ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးတင်သောင်းဦး<br>သထုံမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ကျိုက်မရောမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၁၀) | မ ၂၂၁၂၆ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကျော်ဇင်ဝင်း<br>ဗိုလ်တထောင်မြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>လပွတ္တာခရိုင်မီးသတ်စခန်း |
| (၁၁) | မ ၂၃၁၃၄ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကောင်းထက်နိုင်<br>ညောင်ဦးခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ရေတာရှည်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၂)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယမီးသတ်ဦးစီးမှူး (၁၁) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | မ ၂၄၂၄၀ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကိုကိုဌေး<br>တောင်ငူမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ညောင်လေးပင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၂) | မ ၂၄၃၉၅ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးမြင့်ခိုင်ဦး<br>ကျောက်တံတားမြို့နယ်မီးသတ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဗဟိုမီးသတ်သင်တန်းကျောင်း |

(၃) မ ၂၂၉၃၃ ဒုတိယမီးသတ်ဦးစီးမှူး
ဦးအောင်သူ
ရွှေဘိုမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
ခင်ဦးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၄) မ ၂၃၉၆၀ ဒုတိယမီးသတ်ဦးစီးမှူး
ဦးချမ်းမြေ့ထွန်း
ဒိုက်ဦးမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
ဒိုက်ဦးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၅) မ ၂၃၀၉၃ ဒုတိယမီးသတ်ဦးစီးမှူး
ဦးသီဟမြင့်ဆွေ
ဘားအံမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
လှိုင်းဘွဲ့မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၆) မ ၁၉၄၈၉ ဒုတိယမီးသတ်ဦးစီးမှူး
ဦးဟန်ဝင်းစိုး
ဖျာပုံမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
ဒေးဒရဲမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၇) မ ၂၄၀၇၇ ဒုတိယမီးသတ်ဦးစီးမှူး
ဦးဇော်လင်းထွန်း
လှိုင်လင်မြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
လဲချားမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၈) မ ၂၂၂၈၁ ဒုတိယမီးသတ်ဦးစီးမှူး
ဦးရဲနောင်ဝင်း
လေးမျက်နှာမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
လေးမျက်နှာမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၉) မ ၁၇၉၆၀ ဒုတိယမီးသတ်ဦးစီးမှူး
ဦးချမ်းငြိမ်းအောင်
မြင်းမူမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
ချောင်းဦးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၁၀) မ ၂၄၃၆၉ ဒုတိယမီးသတ်ဦးစီးမှူး
ဦးစိုးလွင်ထွန်း
ရွှေဘိုခရိုင်မီးသတ်စခန်း
ဦးစီးအရာရှိ
ဖောင်းပြင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၁၁) မ ၂၄၅၈၂ ဒုတိယမီးသတ်ဦးစီးမှူး
ဦးမျိုးဇော်ဦး
လောင်းလုံးမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
လောင်းလုံးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၂)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယမီးသတ်ဦးစီးမှူး (၁၀) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) မ ၂၂၉၉၅ ဒုတိယမီးသတ်ဦးစီးမှူး
ဦးကိုကိုမောင်
သုံးခွမြို့နယ်မီးသတ်ဦးစီးမှူးရုံး
ဦးစီးအရာရှိ
ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး

(၂) မ ၂၃၁၂၉ ဒုတိယမီးသတ်ဦးစီးမှူး
ဦးမင်းသူ
ကဝမြို့နယ်မီးသတ်စခန်း
ဦးစီးအရာရှိ
ကဝမြို့နယ်မီးသတ်ဦးစီးမှူးရုံး

| | | |
|---|---|---|
| (၃) | မ ၂၂၃၀၅ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးမင်းသန့်<br>ချမ်းအေးသာစံမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ပုသိမ်ကြီးမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၄) | မ ၂၄၃၄၇ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးမျိုးသိမ်<br>ကလေးဝမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ကလေးဝမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၅) | မ ၂၂၃၅၈ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးအောင်မျိုးထက်<br>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် | ဦးစီးအရာရှိ<br>အမရပူရမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၆) | မ ၁၉၅၆၃ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးပြည့်ဖြိုးလှိုင်<br>ပုသိမ်ခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူးရုံး |
| (၇) | မ ၂၄၄၄၉ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးဇော်လင်းဟန်<br>ရွှေဘိုခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ကျွန်းလှမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၈) | မ ၂၂၀၇၂ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးကျော်မိုးနိုင်<br>ပြင်ဦးလွင်ခရိုင်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ဟိုပုံးမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၉) | မ ၂၂၃၆၄ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးဖုန်းမြင့်အေး<br>ရခိုင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>မုဒုံမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| (၁၀) | မ ၁၈၃၀၆ ဒုတိယမီးသတ်ဦးစီးမှူး<br>ဦးစိုးထွန်း<br>ဝမ်းတွင်းမြို့နယ်မီးသတ်စခန်း | ဦးစီးအရာရှိ<br>ဝမ်းတွင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး |

## အမိန့်ကြော်ငြာစာ (၄၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၅၉ က/သနပ်ပင်မြောက်)၊ ဦးပိုင်အမှတ် (၃၀/၂) ရှိ မြေဧရိယာ ၀.၃၀ ဧက အား **သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင် (ပ/၃၅၂၈) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှ မေလ ၂၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကယားပြည်နယ်ရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) (ဦး/ရေး/ထောက်) ရဲ ၂၄၂၅ ဒုတိယရဲမှူးကြီး အောင်ကျော်မြင့် အား လစ်လပ်လျက်ရှိသော အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့၊ တပ်ဖွဲ့မှူး (ရဲမှူးချုပ်) ရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကယား ပြည်နယ်ရဲတပ်ဖွဲ့၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၂)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) (ဦး/ရေး/ထောက်) ရဲ ၂၄၀၉ ဒုတိယရဲမှူးကြီး အောင်ကျော် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး စည်ပင်သာယာ ရဲတပ်ဖွဲ့ (နေပြည်တော်) သို့ ဒုတိယဌာနမှူးအဖြစ် ပြောင်းရွှေ့ကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၆၀/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၀/ အောင်ရတနာသုခမြောက်ရပ်၊ ဦးပိုင်အမှတ်- ၁၃/၃+၁၇၊ **မြေဧရိယာ ၀.၁၁၀ ဧက** ရှိမြေအား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ကွန်ဟိန်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆၁/၂၀၂၂)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၅၄/ စုပေါင်းရုံးရပ်၊ ဦးပိုင်အမှတ်- ၂၆/၉၂ ၊ **မြေဧရိယာ ၀.၃၈၅ ဧက** ရှိမြေအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

အမှတ် ၉၀၀/၂၀၂၁။ ကင်ဘာရာမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးအောင်ကျော်မိုး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၁/၂၀၂၁။ ဂျကာတာမြို့၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံမှူး ဦးအောင်ကိုမင်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၂/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ငုဝါဆွေ အား အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျကာတာမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၃/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းသော် အား မြန်မာသံရုံး၊ ကင်ဘာရာမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၄/၂၀၂၁။ အစ္စလာမာဘတ်မြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးခိုင်ထွဋ်လှ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၅/၂၀၂၁။ လန်ဒန်မြို့၊ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးမင်းခိုင်ကြာညို အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၁) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၆/၂၀၂၁။ ကွာလာလမ်ပူမြို့၊ မြန်မာသံရုံးမှ တတိယအတွင်းဝန် ဦးနိုင်မင်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၇/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင် အား မြန်မာသံရုံး၊ ဒါကာမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၈/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလှ အား မြန်မာသံရုံး၊ အစ္စလာမာဘတ်မြို့သို့ ပထမအတွင်းဝန် အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၉၀၉/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဌာနစုမှူး (၁) ဦးဟိန်းထက်စွမ်း အား မြန်မာသံရုံး၊ လန်ဒန်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ ဝန်ကြီးရုံး၊ ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်လင်းအောင် အား လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူး နေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများ အတွက် တစ်ရက်လုပ်ခ ကျပ် ၆၅၀၀/-နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း**

၁။　ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား မူရင်းလစာ၏ ၂ ဆနှင့် နေ့စားအလုပ်သမားများအား နေ့စားလုပ်ခကို ကျပ် ၆၅၀၀/- နှုန်းဖြင့် လက်ရှိဖြစ်ပေါ်နေသော ဒေသဆိုင်ရာလုံခြုံရေး အခြေအနေအရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်မှစ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအထိ အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ပြောင်းလဲပြင်ဆင် ခံစားခွင့်ပြုခဲ့ပါသည်။

၂။　ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ကြိုတင်ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့် ပြုလိုက်သည်။ ထို့ပြင် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက်** တစ်ရက်လုပ်ခ ကျပ် ၆၅၀၀/- နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂)**

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ခံစားခွင့်ပြုခြင်း**

၁။　ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှစ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအထိ မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများထုတ်ပြန်၍ ပြောင်းလဲပြင်ဆင် ခံစားခွင့်ပြုခဲ့ပါသည်။

၂။　ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ကြိုတင်ခွင့်ပြုချက်အရ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ** များအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

အမှတ် ၁၀။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (၁) | ဦးစောလင်းထွန်း | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| (၂) | ဦးခင်မောင်ကြည် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) e-Government ဌာနခွဲ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) e-Government ဌာနခွဲ |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂) အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ဦးအောင်ဆန်းဦး အား အစမ်းခန့်ကာလပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်နှင့် ကလေးခရိုင်၊ ကလေးဝနှင့် မင်းကင်းမြို့နယ်အတွင်းရှိအောက်ဖော်ပြပါ နယ်နိမိတ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၉၀,၁၄၀.၈၃၅၈) ဧကရှိသောနယ်မြေကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အလို့ငှာ "မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" အဖြစ် ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်) မှစတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်လားရာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ဖုန်းသုန်းကြိုးဝိုင်း၏ မြောက်ဘက်နယ်နိမိတ်ရှိ တောင်ကုန်းအမှတ် ၁၁၇၈ မှအစပြု၍ ကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ ၅ မိုင်ခန့်လာရာ ဖုန်းသုန်းကြိုးဝိုင်းနှင့် နန့်စပက်ကြိုးဝိုင်းဆုံရာ ဘုတ်တိုင်ခန့်မှန်းမြေပုံညွှန်း 84I/10L–238136 နေရာအထိ၊ ၎င်းမှ နန့်စပက်ကြိုးဝိုင်းနယ်နိမိတ်အတိုင်း မြောက်ဘက်သို့လာရာ ကိုးတန်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း 84I/10L–213240 နေရာအထိ၊ ၎င်းမှ ကိုးတန်ချောင်းအတိုင်း မြောက်ဘက်သို့လာရာ တောင်ကုန်းအမှတ် ၁၀၈၄ အထိ၊

အရှေ့ဘက်။ တောင်ကုန်းအမှတ် ၁၀၈၄ မှ နန့်စပက်ချောင်းနှင့် မော်တုံကြီးချောင်း ရေဝေခင်ကြောအတိုင်း အရှေ့တောင်ဘက်သို့လာရာ နန့်စပက်ချောင်းဖျားနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84I/14L–373078 နေရာအထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၄ မိုင်ခန့်လာရာ ပုံတောင်ချောင်းကိုဖြတ်၍ နန့်စပက်ကြိုးဝိုင်းနှင့် ဖုန်းသုန်းကြိုးဝိုင်းဆုံရာ နယ်နိမိတ်ခန့်မှန်းမြေပုံညွှန်း 84I/10L–289089 နေရာအထိ၊ ၎င်းမှ ဖုန်းသုန်းကြိုးဝိုင်းအရှေ့ဘက်နယ်နိမိတ်အတိုင်း တောင်ကုန်းအမှတ် ၁၇၁၀ ကိုဖြတ်၍ ဖုန်းသုန်းကြိုးဝိုင်းနှင့် ပလ္လင်ကြိုးဝိုင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း 84I/15Q–369923 နေရာအထိ၊ ၎င်းမှ မဟာမြိုင်ကြိုးဝိုင်းအရှေ့ဘက် နယ်နိမိတ်အတိုင်း တောင်ကုန်းအမှတ် ၁၉၀၆ ကိုဖြတ်၍ မဟာမြိုင်ကြိုးဝိုင်းနှင့် အင်တိုင်းကုန်းကြိုးဝိုင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း 84I/15Q–360770 နေရာအထိ၊ ၎င်းမှ အင်တိုင်းကုန်းကြိုးဝိုင်း အရှေ့ဘက်နယ်နိမိတ်အတိုင်း တောင်ကုန်းအမှတ် ၁၈၄၇၊ ၁၈၂၀၊ ၁၃၃၈ တောင်နီချောင်းကိုဖြတ်၍ ညောင်ဆွေးချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84J/9SQ–113452 နေရာအထိ၊ ၎င်းမှ ကြိုးဝိုင်းနယ်နိမိတ် ညောင်ဆွေးချောင်းအတိုင်း ၂ မိုင်ခန့်လာရာ ညောင်ဆွေးချောင်းနှင့် ၎င်းသို့စီးဝင်သော ချောင်းလက်တက်ဆုံရာနေရာ ခန့်မှန်းမြေပုံညွှန်း 84J/9SQ–002402 နေရာအထိ၊

တောင်ဘက်။ ၎င်းမှ အင်တိုင်းကုန်းကြိုးဝိုင်း၏ တောင်ဘက်နယ်နိမိတ်အတိုင်း အနောက်ဘက်သို့လာရာ တောင်ကုန်းအမှတ် ၁၁၄၅ နှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84J/5SQ-220722 နေရာအထိ၊

အနောက်ဘက်။ ၎င်းမှ အင်တိုင်းကုန်းကြိုးဝိုင်း၏ အနောက်ဘက်နယ်နိမိတ်အတိုင်း မြောက်ဘက်သို့လာရာ တောင်ကုန်းအမှတ် ၁၁၆၄၊ ၁၂၀၂ တို့ကို ဖြတ်ပြီး အင်တိုင်းကုန်းကြိုးဝိုင်းနှင့် မဟာမြိုင်ကြိုးဝိုင်းဆုံရာနေရာ ခန့်မှန်းမြေပုံညွှန်း 84I/12SQ-220722 နေရာအထိ၊ ၎င်းမှ မဟာမြိုင်ကြိုးဝိုင်း၏ အနောက်ဘက် နယ်နိမိတ်အတိုင်းလာရာ မဟာမြိုင်ကြိုးဝိုင်းနှင့် ပလ္လင်ကြိုးဝိုင်းဆုံရာနေရာ ခန့်မှန်းမြေပုံညွှန်း 84I/11Q-250882 နေရာအထိ၊ ၎င်းမှ ပလ္လင်ကြိုးဝိုင်း၏ တောင်ဘက်နယ်နိမိတ်အတိုင်း အနောက်ဘက်သို့လာရာ ပလ္လင်ကြိုးဝိုင်းနှင့် ဖုန်းသုန်းကြိုးဝိုင်းဆုံရာ တောင်ကုန်းအမှတ် ၁၆၄၉ နေရာအထိ၊ ၎င်းမှ ဖုန်းသုန်းကြိုးဝိုင်း၏ တောင်ဘက်နှင့် အနောက်ဘက်နယ်နိမိတ်အတိုင်းလာရာ တောင်ကုန်းအမှတ် ၁၂၈၂ နှင့် နန့်တပင်ချောင်းကိုဖြတ်၍ မူလစတင်ရာတောင်ကုန်းအမှတ် ၁၁၇၈ နေရာအထိ။

## ချန်လှပ်ကွက်များ

၂။ အောက်ပါဒေသခံတောင်သူတို့၏ တည်ရှိပြီးလယ်ယာမြေများကို ချန်လှပ်ကွက်များအဖြစ် ချန်လှပ်ခဲ့သည်-

ချန်လှပ်ကွက် (၁) မြောက်ဘက် L-225263၊ အရှေ့ဘက် L-233250၊ တောင်ဘက် L-220233၊ အနောက်ဘက် L-213240 အတွင်းကျရောက်သော မော်လိုက်မြို့နယ်၊ တိုင်သာကျေးရွာအုပ်စုရှိ လယ်မြေ ၁၄.၄၂ ဧက၊ ယာမြေ ၂၉.၃၇ ဧက၊ အိမ်မြေ ၀.၀၀၉၀ ဧက၊ အခြားမြေ ၀.၀၀၇၄ ဧက စုစုပေါင်း ၄၃.၈၀၆၄ ဧက၊

ချန်လှပ်ကွက် (၂) မြောက်ဘက် L-085126၊ အရှေ့ဘက် L-121900၊ တောင်ဘက် L-111088၊ အနောက်ဘက် L-085119 အတွင်းကျရောက်သော မော်လိုက်မြို့နယ်၊ ထော်သာကျေးရွာအုပ်စုရှိ လယ်မြေ ၄၅.၆၉ ဧက၊ ယာမြေ ၄၄.၃၅ ဧက၊ အိမ်မြေ ၀.၄၅၂၈ ဧက စုစုပေါင်း ၉၀.၄၉၂၈ ဧက၊

ချန်လှပ်ကွက် (၃) မြောက်ဘက် L-072082၊ အရှေ့ဘက် L-094053၊ တောင်ဘက် L-095049၊ အနောက်ဘက် L-069069 အတွင်းကျရောက်သော မော်လိုက်မြို့နယ်၊ ထော်သာကျေးရွာအုပ်စုနှင့် တောင်ကုန်းကျေးရွာအုပ်စုတို့ရှိ လယ်မြေ ၃၅.၄၇ ဧက၊ ယာမြေ ၂၀.၀၆ ဧက၊ အိမ်မြေ ၀.၀၅၂၂ ဧက စုစုပေါင်း ၅၅.၅၈၂၂ ဧက၊

ချန်လှပ်ကွက် (၄) မြောက်ဘက် Q-335001၊ အရှေ့ဘက် Q-337995၊ တောင်ဘက် Q-318978၊ အနောက်ဘက် Q-317980 အတွင်းကျရောက်သော ကလေးဝမြို့နယ်၊ ကျောင်းကြီးကျေးရွာအုပ်စုရှိ လယ်မြေ ၂၂.၀၀ ဧက၊ အိမ်မြေ ၁.၆၉ ဧက စုစုပေါင်း ၂၃.၆၉ ဧက၊

ချန်လှပ်ကွက် (၅) မြောက်ဘက် Q-363930၊ အရှေ့ဘက် Q-359925၊ တောင်ဘက် Q-351922၊ အနောက်ဘက် Q-349925 အတွင်းကျရောက်သော ကလေးဝမြို့နယ်၊ ဝေပုံကျေးရွာအုပ်စုရှိ လယ်မြေ ၈ ဧက၊ အိမ်မြေ ၀.၄ ဧက စုစုပေါင်း ၈.၄ ဧက၊

ချန်လှပ်ကွက် (၆) မြောက်ဘက် Q-278924၊ အရှေ့ဘက် Q-281923၊ တောင်ဘက် Q-265898၊ အနောက်ဘက် Q-264898 အတွင်းကျရောက်သော ကလေးဝမြို့နယ်၊ ဝေပုံကျေးရွာအုပ်စုရှိ လယ်မြေ ၁၀.၅ ဧက၊ အိမ်မြေ ၀.၃၄ ဧက၊ အခြားမြေ ၅၀.၀ ဧက စုစုပေါင်း ၆၀.၈၄ ဧက၊

ချန်လှပ်ကွက် (၇) မြောက်ဘက် Q-245030၊ အရှေ့ဘက် Q-249025၊ တောင်ဘက် Q-232003၊ အနောက်ဘက် Q-229005 အတွင်းကျရောက်သော ကလေးဝမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာအုပ်စုရှိ လယ်မြေ ၉.၉၅ ဧက၊ အိမ်မြေ ၉.၃၉ ဧက စုစုပေါင်း ၁၉.၃၄ ဧက၊

